actionaid BBC MEDIA ACTION PLAN INTERNATIONAL UN-HABITAT FOR A BETTER URBAN FUTURE World Vision

# ရာသီဥတုဆိုးရွားလာမှုနှင့် ဘေးအန္တရာယ်များကျရောက်လာမှုအပေါ် ခံနိုင်ရည်စွမ်းတည်ဆောက်ခြင်းနှင့် လိုက်လျောညီထွေစွာနေထိုင်ခြင်း စီမံချက်

BRACED Myanmar Alliance

BRACED Building Resilience and Adaptation to Climate Extremes and Disasters

UKaid from the British people



## BRACED Myanmar Alliance မိတ်ဆက်

ရာသီဥတုဆိုးရွားလာမှု နှင့် ဘေးအန္တရာယ်များ ကျရောက်လာမှုအပေါ် ခံနိုင်ရည်စွမ်း တည်ဆောက်ခြင်း နှင့် လိုက်လျောညီထွေစွာနေ ထိုင်ခြင်း စီမံကိန်း(BRACED)သည် မြန်မာနိုင်ငံတွင် လက်ရှိတည်ရှိနေသော ဘေးအန္တရာယ် ခံနိုင်ရည် စွမ်းအား မြှင့်တင်ခြင်း လုပ်ငန်းများ ဆက်လက်မြှင့်တင်လုပ်ဆောင် လိုသည့် နိုင်ငံတကာ NGO အဖွဲ့အစည်းများ၊ အမျိုးသားအဆင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သည့် အဖွဲ့အစည်းများ နှင့် သုတေသနမှတ်တမ်းပြုစုသော အဖွဲ့အစည်းများ ပူးပေါင်း လုပ်ဆောင်သော စီမံကိန်း လုပ်ငန်းတစ်ခုဖြစ်သည်။ BRACED စီမံကိန်းတွင်Plan Internationalသည် ဦးဆောင် အကောင်အထည် ဖော်သည့် အဖွဲ့ဖြစ်ပြီး အခြား အဖွဲ့ဝင် များမှာ Action Aid, BBC Media Action, World Vision, The Myanmar Environment Institute နှင့် UN Habitat တို့ပါဝင်သည်။ စုစည်းလုပ်ဆောင်ခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ဘေးဒဏ်ခံနိုင်စွမ်း တည်ဆောက်ခြင်းအတွက် အရေးပါသည့်အချက် ဖြစ်ကြောင်း သိရှိ လက်ခံထား သည့်အတိုင်းသည် အခြားသော နည်းပညာပိုင်းဆိုင်ရာများနှင့် ပူးပေါင်း လုပ်ဆောင်သည့် အဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျှက်ရှိသည်။




၁ ကျောက်ဖြူမြို့နယ် (ရခိုင်ပြည်နယ်)

၂ တောင်ကုတ်မြို့နယ် (ရခိုင်ပြည်နယ်)

၃ ဒဂုံဆိပ်ကမ်းမြို့နယ် (ရန်ကုန်တိုင်းဒေသကြီး)

၄ ဘားအံမြို့နယ် (ကရင်ပြည်နယ်)

၅ မိတ္ထီလာမြို့နယ် (မန္တလေးတိုင်းဒေသကြီး)

၆ လပွတ္တာမြို့နယ် (ဧရာဝတီတိုင်းဒေသကြီး)

၇ မော်လမြိုင်မြို့နယ် (မွန်ပြည်နယ်)

၈ ကျိုင်းတုံမြို့နယ် (ရှမ်းပြည်နယ်)



## BRACED ၏ဘေးဒဏ်ခံနိုင်စွမ်းရည်မှန်းချက်များ

BRACED စီမံကိန်း၏ အဓိက ရည်မှန်းချက်မှာ ရာသီဥတုဆိုးရွားလာမှုများအား ရင်ဆိုင်နိုင်ရန်နှင့် မြန်မာနိုင်ငံတဝှမ်းရှိ လူဦးရေပေါင်း (၃၅၀၀၀၀) ကျော်အား ဘေးဒဏ်ရင်ဆိုင်တုန့်ပြန်နိုင်စွမ်း တည်ဆောက်ပေးနိုင်ရန် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အသက်ဘေးအန္တရာယ်မှ ကာကွယ်ပေးခြင်း၊ စားဝတ်နေရေး ပုံမှန်လည်ပတ်နိုင်ရန် ပံ့ပိုးပေးခြင်း၊ အစိုးရအဖွဲ့အစည်းများအကြား ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ပေးခြင်း နှင့် အမျိုးသားအဆင့် မူဝါဒများ ချမှတ်ရာတွင် လွှမ်းမိုးမှုရှိရန် လုပ်ဆောင်ခြင်းတို့ ပါဝင်သည်။

BRACED အဖွဲ့သည် အထက်ပါရည်မှန်းချက်အား အောင်အောင်မြင်မြင်ရရှိရန်အတွက် အောက်ပါလုပ်ငန်းကဏ္ဍ သုံးရပ် တွင် အဓိကထား လုပ်ဆောင်လျှက်ရှိသည်။

- **ဗဟုသုတ နှင့် အရင်းအမြစ်များ** ။ ။ ဘေးအန္တရာယ်များကျရောက်မှု နှင့် ရာသီဥတုဆိုးရွားလာမှု၏ ထိခိုက်မှုများ၊ ဖိအားများ နှင့် အခြားသော သဘာဝဘေးကြောင့် ပျက်ဆီးမှုများအား လျော့ချရန် နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် ရပ်ရွာလူထု၏ ဗဟုသုတ နှင့် စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်း နှင့် အရင်းအမြစ်များအား ရယူသုံးစွဲနိုင်မှုအား မြှင့်တင်ပေးခြင်းတို့အား လုပ်ဆောင်လျှက်ရှိသည်။

- **စီမံခန့်ခွဲမှု** ။ ။ ရာသီဥတုဆိုးရွားလာမှု နှင့် ဘေးအန္တရာယ်အား တုန့်ပြန်ဆောင်ရွက်ရန် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် ပုဂ္ဂလိကကဏ္ဍများအကြား ပိုမိုကောင်းမွန်သော အချိတ်အဆက်ရှိစေရန် ကူညီပံ့ပိုးပေးခြင်းကိုလည်း လုပ်ဆောင် လျှက်ရှိသည်။


- **သင်ယူခြင်းနှင့် တိုက်တွန်းနှိုးဆော်ခြင်း** ။ ။ နိုင်ငံတကာအဆင့်၊ နိုင်ငံတော်အဆင့်၊ ဒေသတွင်းအဆင့် ဆိုင်ရာ မူဝါဒများ နှင့် လက်တွေ့ကျင့်သုံးမှုများကို သုံးသပ်သည့်အခါတွင် အသုံးပြုသော ဘေးဒဏ်ရင်ဆိုင်တုန့်ပြန်နိုင်စွမ်း ပိုမိုအားကောင်းလာစေသည့် အကောင်းဆုံး လက်တွေ့ကျင့်သုံးမှု အထောက်အထားများကို မှတ်တမ်းတင်ရန် နှင့် မှတ်တမ်းတင်ထားသော အချက်အလက်များကို ပြန်လည်ဖြန့်ဝေပေးရန် ဖြစ်သည်။



မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် ဇေယျာသီရိ ရပ်ကွက် ၏ သောက်သုံးရေကန် ဘောင်ခတ်ပြုပြင်ခြင်း မပြုလုပ်မီ နှင့် ပြုလုပ်ပြီးနောက် ရိုက်ကူးထားသည့် ပုံ

The BRACED စီမံကိန်းသည် အောက်တွင်ဖော်ပြထားသည့် စီမံကိန်းကားချပ်တွင်ပါရှိသော မတူကွဲပြားသည့် လုပ်ရှားမှုများ နှင့် စီမံကိန်း၏ အခြားသော လုပ်ငန်းစဉ်များအကြား သင့်တင့်မျှတမှုရှိစေရန် လုပ်ဆောင်သည့် ကာလအတွင်း အထက်တွင်ဖော်ပြထားသည့် လှုပ်ရှားမှုများကိုလည်း ချမှတ်ဆောင်ရွက်ခြင်းဖြစ်သည်။

## BRACED ၏အကောင်အထည်ဖေါ်ဆောင်မှု အစီအစဉ်များ



# စောင့်ကြည့်အကဲဖြတ်ခြင်း (M&E) လုပ်ငန်းစဉ်ဖြင့် ဘေးအန္တရာယ်ခံနိုင်စွမ်း တိုးတက်ပြောင်းလဲမှုများအား မှတ်တမ်းတင်ခြင်း

BRACED Myanmar Alliance စီမံကိန်း၏ စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း လုပ်ငန်းအစီအစဉ်သည် လုပ်ငန်းစဉ် နှင့် ရလဒ်များကို နည်းစနစ်တကျဖြင့် နားလည်သဘောပေါက်ရန် မှတ်တမ်းတင် ရေးသားခြင်း ဖြစ်သည်။ ရလဒ်များကို စောင့်ကြည့်ခြင်းကဏ္ဍသည် ရွေးချယ်ထားသော အကျိုးခံစားခွင့်ရှိသူများ၏ ဘေးအန္တရာယ်ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းအား တိုးတက်ပြောင်းလဲမှုပေါ်တွင် အဓိက ထားသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းဖြင့် BRACED သည် သဘာဝဘေးအန္တရာယ် နှင့် ရာသီဥတုဆိုးရွားလာမှု ဘေးအန္တရာယ်ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းအား မြှင့်တက်လာသည့် အကျိုးခံစားခွင့်ရှိသူ အရေအတွက်အား မှတ်သား သိရှိမည်ဖြစ်သည်။ စီမံကိန်း အကဲဖြတ်ခြင်း နည်းဗျူဟာသည် BRACED မှ ပံ့ပိုးမှုပေးသော ရပ်ရွာလူထု နှင့် BRACED ၏ ထောက်ပံ့မှု မရရှိသော ရပ်ရွာလူထု နှစ်ရပ်လုံးမှ ကျား၊မ အချိုးအစား ညီမျှစွာ ပါဝင်သော စစ်တမ်းကောက်ယူမှု quasi-experimental approach နည်းလမ်း ကိုအသုံးပြုထားသည်။ BRACED စီမံကိန်းမှ ရလဒ်များ၊ ငွေကြေးတန်ဖိုး နှင့် တွေ့ကြုံရသည့်အခက်အခဲများကို အချိန်မှန်မှန် နှင့် တိကျစွာ စောင့်ကြည့်တိုင်းတာရန် နှင့် ၎င်းအချက်အလက်များကို စီမံကိန်း စီမံခန့်ခွဲရေး နှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့တွင် အကျိုးရှိစွာ အသုံးချရန်အတွက် နားလည်ရန် လွယ်ကူသော လုပ်ငန်းစဉ် ရေးဆွဲမှုတစ်ခု ပြုလုပ်ခဲ့ပြီးဖြစ်သည်။ BRACED Myanmar ပူးပေါင်းအဖွဲ့၏ ဘေးအန္တရာယ်ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းအားမြှင့်တင်မှု ရှုထောင့်ကဏ္ဍများ ကို အောက်တွင် ဖော်ပြ ထားသည်။

## BRACED စီမံကိန်းဘေးအန္တရာယ်ခံနိုင်စွမ်း တိုင်းတာမှုများ



actionaid · BBC MEDIA ACTION · MEI · PLAN INTERNATIONAL · UN-HABITAT FOR A BETTER URBAN FUTURE · World Vision

## BRACED စီမံကိန်းအခြေအနေ

BRACED မိတ်ဖက်ပူးပေါင်းအဖွဲ့သည် စီမံကိန်းအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ပြီးဆုံးမည်ဖြစ်သည်။ BRACED စီမံကိန်းသည် ရပ်ရွာလူထုနှင့် ထိတွေ့လုပ်ဆောင်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ လုပ်ငန်းအကောင်အထည် ဖော်လုပ်ဆောင်ခြင်း နှင့် သုတေသနပြုစုခြင်း၊ လေ့လာခြင်းများ နှင့် အစီရင်ခံစာများမှ တဆင့် ခုခံနိုင်စွမ်းနှင့် ဆက်နွယ်မှုရှိသော အချက်အလက်များ၏ အရည်အသွေး နှင့် ရယူသုံးစွဲနိုင်ခြေအား တိုးမြှင့်ပေးခြင်းတို့တွင် စီမံကိန်း အကောင်အထည်ဖော်လုပ်ဆောင်ခြင်း၏ ပထမဆုံး ၁၈ လ အတွင်း သိသာထင်ရှားစွာ တိုးတက်မှုရှိခဲ့ပြီးဖြစ်သည်။

- BRACED အဖွဲ့မှ အမျိုးသမီး နှင့် မိန်းခလေး ၃၂၀၀ ကျော် အပါအဝင် လူအယောက်ပေါင်း ၆၀၀၀၀ အား ဘေးဒဏ်ခံနိုင်စွမ်းဆိုင်ရာ ထောက်ပံ့မှုများ ပံ့ပိုးပေးခဲ့ပြီးဖြစ်သည်။
- ကျေးရွာ ဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ၊ ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ၊ ဒေသခံအစိုးရ၊ ဒေသခံအုပ်ချုပ်ရေးဌာနများ နှင့် ဒေသခံ NGO များ အပါအဝင် လူမှုအဖွဲ့အစည်းအခြေပြုအဖွဲ့အစည်းပေါင်း ၃၀၀ ကျော်နှင့်အတူ တွေ့ဆုံဆွေးနွေးခြင်း၊ သင်တန်းများပေးခြင်း၊ အစီအစဉ်ရေးဆွဲခြင်း နှင့် အသိပညာပေးသင်တန်းများ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။
- ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူမှု ၁၅၅ ခု အား ကောက်ယူလျက်ရှိပြီး မတူကွဲပြားသော ဘေးအန္တရာယ်များ နှင့် ဖိစီးမှုများကို ခွဲခြားဖော်ပြပြီး အဓိကအရေးကြီးသော ရပ်ရွာလူထု ဘေးဒဏ်ခုခံနိုင်စွမ်း လုပ်ငန်းစဉ်များကို ဦးစားပေးရွေးချယ်ခြင်းများအား လုပ်ဆောင်ခဲ့သည်။
- အမျိုးသမီးများအား လုပ်ပိုင်ခွင့် လွှဲပြောင်းပေးခြင်း၊ ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူခြင်း နှင့် အစီအစဉ်ရေးဆွဲခြင်း၊ အဆိုပြုတင်သွင်းလွှာ အရေးအသား တိုးတက်မှု၊ ကလေးဗဟိုပြု ဘေးဒဏ်ခံနိုင်စွမ်း၊ ရာသီဥတု နှင့် မိုးလေဝသ သတင်းအချက်အလက်များအား အသုံးပြုခြင်းစသည့် တို့ပါဝင်သော ဘေးဒဏ်ခံနိုင်စွမ်း စွမ်းရည် နှင့်အသိပညာပေး သင်တန်းပေါင်း ၁၀၀ ကျော်အားပြုလုပ်ကျင်းပခဲ့ပြီး ဖြစ်သည်။
- BRACED Myanmar အဖွဲ့မှ ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်းစစ်တမ်းကောက်ယူခြင်း နှင့် အကောင် အထည်ဖော်ဆောင်ရွက်မှု လက်စွဲ စာအုပ်အား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ သည့်အပြင် ဘေးဒဏ်ခံနိုင်စွမ်းအား နိုင်လည်စေရန် လမ်းညွှန်ချက်များ ထည့်သွင်းရေးသားထားသည့် လက်ကမ်းစာစောင် များကိုလည်း ထည့်သွင်းထုတ် ဝေခဲ့သည်။
- ဒေသတွင်းဆိုင်ရာ မုတ်သုံဆွေးနွေးပွဲ (Monsoon Forums) ကို မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အသီးသီးကျင်းပခဲ့သည်။ ၎င်းမုတ်သုံ ဆွေးနွေးပွဲများ သို့ ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများတို့မှ တက်ရောက်ခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲမှ မုတ်သုံရာသီ မိုးလေဝသခန့်မှန်းချက်များသည် ပါဝင်တက်ရောက်သူများအား မုတ်သုံကာလ အပိုင်းအခြား နှင့် ပြင်းအားတို့ ပေါ်တွင် အခြေခံ သည့် ဆုံးဖြတ်ချက်ချခြင်း နှင့် အစီအစဉ်ရေးဆွဲခြင်း ပြုလုပ်ခြင်းတို့အား အထောက်အကူဖြစ်စေခဲ့သည်။
- BBC Myanmar Media မှ မြန်မာနိုင်ငံရှိ နိုင်ငံသားများအနေဖြင့် ရာသီဥတုပြောင်းလဲခြင်း နှင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများအား မည်ကဲ့သို့ ရှင်သန်ရင်ဆိုင်နေရသည်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တင်ဆက်ပြသခဲ့သည့် Climate Asia အစီရင်ခံစာ၏ ပဏာမ ရလဒ်များနှင့် အကြမ်းရေးဆွဲခြင်းအား လုပ်ဆောင်ခဲ့သည်။ အဆိုပါလေ့လာမှုမှ ပြည်သူလူထုအား ပြောင်းလဲလာသော ရာသီဥတု၊ သဘာဝပတ်ဝန်းကျင် နှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်စေရန် ပံ့ပိုးမှုများ ဖြစ်စေမည့် အစီအစဉ်များရေးဆွဲခြင်း နှင့် အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် အထောက်အကူ ဖြစ်စေသည်။
- BRACED စီမံကိန်းဧရိယာအတွင်း ဖြစ်ပေါ်သည့် ဘေးအန္တရာယ်များ၏ သတင်းအချက်အလက်များကို ကောက်ယူရန် မိုဘိုင်း (Mobile) စစ်တမ်းကောက်ယူခြင်းအား အသုံးပြုထားသည့် အချိန်နှင့် တပြေးညီ စောင့်ကြည့်လေ့လာသည့် စနစ်တစ်ခုအား ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

## အရေးပါသော သင်ခန်းစာများ နှင့် သင်ယူရရှိမှုများ

- ပူးပေါင်း ချိတ်ဆက် အကောင်အထည်ဖော် လုပ်ဆောင်ခြင်းသည် ဘေးဒဏ်ခံနိုင်စွမ်းအား ပိုမိုအားကောင်းလာနိုင်စေပါသည်။ အားကောင်းပြီး အကျိုးသက်ရောက်မှုရှိသော ပူးတွဲလုပ်ဆောင်ခြင်း ဆက်ဆံရေးတစ်ခုသည် ယုံကြည်မှု နှင့် အကျိုးရှိသော လုပ်ငန်းလမ်းစဉ်များ တည်ဆောက်ရာတွင် အချိန်ယူ လုပ်ဆောင်ရပါသည်။

- ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်းတည်ဆောက်ခြင်းသည် ရုတ်တရက်ဖြစ်ပေါ်သော ဘေးဒဏ်များအား ခုခံနိုင်စွမ်းရှိရန် တည်ဆောက်ခြင်းမှ စတင်လုပ်ဆောင်ရမည်ဖြစ်သည်။ သို့မှသာလျှင် ရပ်ရွာလူထုမှ အချိန်ယူ အကောင်အထည်ဖော် လုပ်ဆောင်ရမည့် ကိစ္စရပ်များကို ခွဲခြားဖော်ထုတ် တင်ပြနိုင်မည် ဖြစ်သည်။ ပထမအကြိမ် ကောက်ယူသော ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူမှုတွင် ထည့်သွင်းခဲ့သော ဦးစားပေးလုပ်ရမည့် လှုပ်ရှားမှုများတွင် ကယ်ဆယ်ရေး အဆောက်အဦး၊ ရပ်ကွက် လူထုပိုင် အခြေခံ အဆောက်အဦးများနှင့် ကြိုတင်အသိပေးစနစ်များ အဓိက ထား ဆောင်ရွက်ရန် ဖြစ်သည်။ ၄င်းအချက်များပြည့်စုံမှသာလျှင် အခြားသော အချိန်ယူလုပ်ဆောင်ရမည့် ကိစ္စရပ်များ (ဥပမာ - - အသက်မွေး ဝမ်းကြောင်းလုပ်ငန်း၊ ရေ၊ အစားအစာ၊ စွမ်းအင် စသည့် အခြေခံ ဝန်ဆောင်မှုများ နှင့် စိုက်ပျိုးရေးလုပ်ငန်း) ကို ဆက်လက် လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။

- ဘေးဒဏ်ခံနိုင်စွမ်းအား တစ်ကြိမ်တစ်ခါတည်းဖြင့် တည်ဆောက်၍ ရနိုင်မည်မဟုတ်ဘဲ ဗဟုသုတ နှင့် သတင်းအချက်အလက် အသစ်များကို ရပ်ရွာလူထုအား အချိန်နှင့်တပြေးညီ ဆက်လက်ပံ့ပိုးပေးနိုင်သော ရေရှည်တည်မြဲသော လှုပ်ရှားမှုများနှင့် ဖန်တီးမှုများကို အချိန်ယူ အကောင်အထည်ဖော် လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုကဲ့သို့လုပ်ဆောင်ရန်အတွက် ရပ်ရွာလူထုမှ ၄င်းတို့၏ ဖွံ့ဖြိုးရေး လှုပ်ရှားမှုများ နှင့် ဆက်လက်လုပ်ဆောင်သွားမည့် ဘေးအန္တရာယ် စစ်တမ်းကောက်ယူခြင်းများ အတွက် ခေါင်းဆောင်မှု နှင့် ပိုင်ဆိုင်မှုတို့ ရရှိရန်လိုအပ်သည်။ ဒေသအစိုးရ၏ ပူးပေါင်း ပါဝင်လုပ်ဆောင်ခြင်း နှင့် ပံ့ပိုးကူညီမှုတို့သည်လည်း ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူမှု မှတ်တမ်းများအား တိကျသောအချက်အလက်များနှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို အသုံးပြုပြီး နှစ်စဉ် နှစ်တိုင်း ပြုပြင်မွမ်းမံခြင်းများပြုလုပ်ရာတွင် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်သည်။



BRACED Myanmar Alliance အကြောင်း အသေးစိတ်
သိရှိလိုပါက အောက်ပါ လိပ်စာသို့ ခေါ်ဆိုမေးမြန်းနိုင်ပါ သည်။


**BRACED Myanmar Alliance Coordination Unit:**

ပလန်မြန်မာ
အမှတ် (၇)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား၊ ရပ်ကွက် ၂၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။

: +95 (1) 662554 / F: +95 (1) 662554
: braced.myanmar@plan-international.org
JeremyKieron.Stone@plan-international.org